**THAILAND**

16 – 27 June 2016

# MEDIA MONITORING REPORT # 150

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

### DKBA ၉၀၈ တပ်ရင်းမှူးနှင့် အဖွဲ့ဝင် ၂၀ကျော် KNLAနှင့် ပြန်လည်ပေါင်းစည်း

Karen News, 20 June 2016

ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(ဒီကေဘီအေ)၏ ၉၀၈ တပ်ရင်းမှူးပါဝင်သည့် တပ်ဖွဲ့ဝင် (၂၁)ဦးသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ မော်ခီး ကျေးရွာအုပ်စုအခြေစိုက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ၂၀၁ တပ်ရင်းထံတွင် ဇွန်လ(၁၇)ရက်နေ့က ပေါင်းစည်းလိုက်သည်။




လယ့်ခေါ် အခြေစိုက် ဒီကေဘီအေ ၉၀၈ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောနော်ခူ၊ ဒုတပ်ခွဲမှူး ဒုဗိုလ်ကြီး စောကူးနူ ၊ တပ်စုမှူး ဗိုလ်ကြီး စောမော့ဖလို့ ၊ တပ်စုမှူး ဗိုလ်ကြီးစောလုခိုင်တို့ ဦးစီးသည့် တပ်ဖွဲ့ဝင်အင်အား ၂၁ ဦးသည် KNLA ၂၀၁ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောဘူးဖောဦးနှင့်ချိတ်ဆက်ကာ ပေါင်းစည်းလိုက်ခြင်းဖြစ်သည်။

ဒီကေဘီအေ ၉၀၈ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောနော်ခူ က "ကျွန်တော်တို့တစ်ဘက်နဲ့တစ်ဘက် မုန်းတီးတာလည်း ဘာမှမရှိပါဘူး။ အချင်းချင်း အကွဲအပြဲဖြစ်လာဖို့ရည်ရွယ်ချက်လည်း မရှိပါဘူး။ အခုခေါင်းဆောင်တွေ တိုင်းပြည်နဲ့ငြိမ်းချမ်းရေးအတွက် တောင်းဆိုနေတဲ့ ကာလဖြစ်ပါတယ်။ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကရင်တပ်မတော်ဟာ အကွဲအပြဲတအားများတယ်။ဒါကြောင့် ကျွန်တော်တို့တွေ ပြန်လည်ပူးပေါင်းဖို့လိုအပ်နေပြီလို့ ယူဆတဲ့အတွက် အခုလိုပြန်လာပူးပေါင်းတာ ဖြစ်တယ် "ဟုကေအိုင်စီသို့ပြောသည်။

KNLA ၂၀၁တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောဘူးဖောက "ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့များ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ၁၅ ကြိမ်မြောက်ကွန်ကရက်မှာ ချမှတ်ထားပြီးသား ဖြစ်ပါတယ်။ဒီလို ပြန်လည်ပေါင်းစည်းလာတဲ့အတွက် ကျွန်တော်တို့ ကရင်အမျိုးသား အားလုံးအတွက် အင်အားဖြစ်တယ်။ နိုင်ငံရေးအတွက်လည်း အင်အားဖြစ်စေတယ် "ဟု ကေအိုင်စီ သို့ပြောသည်။

**Link:** http://karennews.org/2016/06/dkba-soldiers-reunite-with-knla.html/

### အပစ်ရပ်စဲရေးတွင် အားလုံးပါဝင်နိုင်ရေးအတွက် KNPP မှ အစိုးရနှင့် ဆွေးနွေးမည်

Burma News International, 21 June 2016



ကရင်အမျိုးသားတိုးတက်ရေးပါတီ KNPP သည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs) အားလုံး ပါဝင်နိုင်ရေးအတွက် မြန်မာအစိုးရနှင့် ဆွေးနွေးမည် ဟု KNPP အရာရှိတစ်ဦးက သျှမ်းသတင်းစဉ်သို့ ပြောပြခဲ့သည်။

အစိုးရသစ်နှင့် နောင်လာမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သတ်၍ KNPP မှ ၎င်းတို့ဌာနချုပ်၌ ထိပ်ပိုင်းခေါင်းဆောင်များနှင့် အတူ အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်ဟု KNPP အထွေထွေအတွင်းရေးမှူး(၂) ဦးရွှေမျိုးသန့်က ပြောပြခဲ့သည်။အစည်းအဝေး၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ရေးကို KNPP မှဆက်လက်တောင်းဆိုသွားရန် ဆုံးဖြတ်ခဲ့သည်။

"မူဝါဒမပြောင်းပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်အဖွဲ့ဖြစ်တဲ့ UNFC နဲ့အတူ ကျွန်တော်တို့ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမှာပါ ။ အားလုံးပါဝင်နိုင်တဲ့ အချိန်ကျမှသာ ကျွန်တော်တို့ တစ်နိုင်ငံလုံးဆိုင်ရာအပစ်ရပ်စာချုပ်ကို လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်ထားပါတယ်" ဟု၎င်းကပြောခဲ့သည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ဌာနချုပ်တွင်ကျင်းပသည့် အစည်းအဝေးအတွင်း KNPP ဒုဥက္ကဌဖြစ်သူ ခွန်ဦးရယ်နှင့် ဗိုလ်ချုပ်ဘီးထူးအား အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရာတွင် ဦးဆောင်မှုပြုရန် ရွေးချယ်ခဲ့သည်။

**Link:** http://mizzima.com/news-domestic/knpp-discuss-all-inclusive-ceasefire-government

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ကလေးသူငယ်များ၏ ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းသစ်များ တည်ဆောက်မည်

Myanmar Times, 20 June 2016

ကျန်းမာရေး ဝန်ဆောင်မှုများ တိုးတက်လာစေရန်နှင့် အရည်အသွေးမပြည့်မီမှုများ လျော့ချနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် ကျန်းမာရေးစင်တာအဆောက်အဦး (၈၀) နီးပါး ဆောက်လုပ်မည်ဟု the Three Millennium Development Goal Fund အဖွဲ့၏ ပြောကြားချက်အရ သိရှိရသည်။



စင်တာ(၁၇)လုံးကို မကွေးတိုင်းဒေသကြီးတွင် ဦးဆုံးဆောက်လုပ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ နောက်ထပ်(၆၁)လုံးကို၂၀၁၇ခုနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပြီး 3MDG ငွေကြေးရန်ပုံငွေအဖွဲ့မှ ငွေကြေး ထောက်ပံ့ပေးမည်ဖြစ်သည်၊ 3MDG အဖွဲ့အား စီမံကိန်းလုပ်ငန်းများအတွက် လုပ်ဆောင်သည့် ကုလသမဂ္ဂရုံး(UNOPS)မှ စီမံခန့်ခွဲသည်။

ကျန်းမာရေးစင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရခြင်း၏ရည်ရွယ်ချက်မှာ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ မွေးကင်းစ ကလေးနှင့် ကလေးသူငယ်ကျန်းမာရေး စသည်တို့နှင့်ပတ်

သတ်၍ ကူညီပံ့ပိုးပေးရန်ဖြစ်သည်။ တီဘီရောဂါကဲ့သို့သော ကူးစက်တတ်သောရောဂါများနှင့် ငှက်ဖျားရောဂါ ကုသ ကာကွယ်ပေးခြင်းများလည်းပါဝင်သည်။ စင်တာများအားလုံးတွင် ဝန်ထမ်း နှစ်ဦး (သို့) သုံးဦးထားရှိမည်ဖြစ်ပြီး တစ်နေ့လျှင် လူနာအယောက်(၃၀) မှ အယောက်(၅၀)အထိ ကြည့်ရှုကုသပေးမည်ဖြစ်သည်။

မကွေးတွင် တည်ဆောက်ပြီးနောက် ဧရာဝတီတိုင်းတွင် စင်တာ(၁၅)လုံး၊ မန္တလေးတိုင်းတွင် (၂)လုံး၊ စကိုင်းတိုင်းတွင်(၁၇)လုံးနှင့် ရန်ကုန်တိုင်းတွင် (၃)လုံး တည်ဆောက်မည်ဖြစ်သလို ချင်းပြည်နယ်တွင် (၅)လုံး၊ ကယားပြည်နယ်တွင် (၆)လုံး နှင့် ရှမ်းပြည်နယ်တွင် (၁၃)လုံး စသည်ဖြင့် တည်ဆောက်မည်ဖြစ်သည်။

**Link:** http://www.mmtimes.com/index.php/national-news/20937-new-rural-healthcare-centres-aim-to-improve-maternal-child-health.html

## MNEC စာသင်ကျောင်း မွန်ပြည်နယ်တွင်း ပြောင်းရွှေ့ ဖွင့်လှစ်

Mon News Agency, 18 June 2016

မွန်အမျိုးသားပညာရေးကော်မတီ( MNEC)မှ ဖွင့်လှစ်သည့်(၁)တန်းလွန် ပညာရေးအစီအစဉ်ဖြစ်သည့် ဘောက်ထောပညာရေး စွမ်းရည်မြှင့်တင်မှုပရိုဂရမ်၏ ပညာသင်နှစ် ဒုတိယနှစ်ကို မွန်ပြည်နယ်၊သံဖြူဇရပ်မြို့နယ်တွင် ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်သည်။



"ကျွန်တော်တို့ ဘောက်ထောကျောင်းရဲ့ ရည်ရွယ်ချက်ကတော့ ဆန်းစစ် ဝေဖန်နိုင်စွမ်းရှိတဲ့ အရည်အသွေးပြည့် ကျောင်းဆရာတွေ ပေါ်ပေါက်လာဖို့ပါ။ အင်္ဂလိပ်စာကျွမ်းကျင်မှုအတွက် အင်္ဂလိပ်စာအဆင့်လေးဆင့်ကို ပံ့ပိုးပေးပြီး တန်းမြင့်အဆင့်ကို ပေးတတ်ပါတယ်။ ကျောင်းသားတွေဒီလိုကျွမ်းကျွမ်းကျင်ကျင်ဖြစ်ဖို့ ရန်ကုန်မှာသွားတက်မယ်ဆို အရမ်းဈေးကြီးပါတယ်။ ဒါကြောင့် ဒီမှာသူတို့ပညာသင်ရတာ သူတို့အတွက် အရမ်းကောင်းတဲ့ အခွင့်အရေးပါပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့လဲ ပိုက်ဆံများများမတတ်နိုင်ကြဘူးလေ၊ ဒါပေမယ့် ဒီမှာလာရောက်ပညာသင်တဲ့အတွက် သူတို့ဟာပိုမိုကောင်းမွန်အောင် ပြန်လည်ပြုပြင်ထားတဲ့ သင်ရိုးညွှန်းတန်းတွေနဲ့ လက်တွေ့သင်ကြားမှုတွေကို သင်ယူရရှိနေပါတယ်" ဟု ဘောက်ထောစာသင်နှစ် ဒုတိယနှစ်ပရိုဂရမ်၏ ပရိုဂရမ်စီစဉ်ညွှန်ကြားသူ မိပုံဟန်က ပြောဆိုခဲ့သည်။

သင်ကြားမှုအစီအစဉ်ကို ၂၀၀၀ခုနှစ်ကတည်းကပင် စတင်ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်(၂)နှစ်ကျော်ကပင် စတင်ဖွင့်လှစ်ခဲ့သည်။ တက်ရောက်မည်ဆိုပါက လျှောက်ထားသူသည် အစိုးရဆယ်တန်းအဆင့်ကို အောင်မြင်ထားသူ(သို့မဟုတ်) MNEC ကျောင်းများမှ အထက်တန်းအဆင့် ပြီးစီးထားသူ ဖြစ်ရမည်ဖြစ်သည်။ မွန်ပြည်နယ်က ဆရာများမှ တက်ရောက်ချင်ပါက သက်ဆိုင်ရာ စာသင်ကျောင်းများတွင် စာသင်ကြားခြင်း အတွေ့အကြုံ(၃)နှစ် ရှိရမည်ဖြစ်သည်။

၂၀၁၆- ၂၀၁၇စာသင်နှစ်အတွက် ၁၀တန်းလွန် ဒုတိယနှစ် သင်ကြားခြင်းအစီအစဉ်ကို မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဇွန်လ(၁)ရက်နေ့က စတင်ဖွင့်လှစ်လိုက်သည်။

MNEC တွင် ဘောက်ထော စွမ်းရည်မြှင့်တင်ခြင်း ပရိုဂရမ်အပါအဝင် စာသင်ကျောင်းစုစုပေါင်း (၁၃၈) ကျောင်းရှိသည်၊ အထက်တန်းကျောင်း(၃)ကျောင်း၊ အလယ်တန်းကျောင်း(၁၆)ကျောင်းနှင့် မူလတန်းကျောင်း(၈၉)ကျောင်းရှိသည်။

**Link:** http://monnews.org/2016/06/17/mnec-run-post-ten-relocates-mon-state/

## ပြင်သစ်မှ မြန်မာနိုင်ငံသို့ ယူရို သန်း၂၀၀ ကူညီပံပိုးပေးမည်

Xinhua News, 17 June 2016

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ယူရိုသန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၆၆ သန်း)အကူအညီပေးမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr.Jean-Marc AYRAULT က သောကြာနေ့တွင် ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံအပြီး ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် Ayrault မှ ပြင်သစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကူအညီများကို ပံ့ပိုးပေးနေနှင့်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(AFD)ကလည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ပြီး အထူးသဖြင့် မြို့ပြစီမံကိန်းများ၊ စွမ်းအင်နှင့် ကျန်းမာရေးကဏ္ဍများ စသည်တို့တွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ကာ မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံသည့် ပြင်သစ်ကုမ္ပဏီအရေအတွက်သည်လည်း တိုးလာကြောင်း ထပ်ပေါင်းပြောကြားခဲ့သည်။

ပြင်သစ်တွင်ရှိသည့် ပါရီမြို့တော်ဝန်ရုံးသည် ရန်ကုန်မြို့ပြစီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးက ပြောကြားခဲ့သည်။

**Link:** http://news.xinhuanet.com/english/2016-06/17/c_135445678.htm

## နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ကာကွယ်ခြင်းထက် ထောက်ပံ့ပေးခြင်းကို ဦးစားပေးလုပ်ကိုင်သွားမည်

Mizzima, 16 June 2016

"ကျွန်တော်တို့အစိုးရအနေနဲ့ ဘယ်သူ့ကိုမှ ခွဲခြားပြီး အခွင့်အရေး မပေးပါဘူး၊ မြန်မာနိုင်ငံသားတွေ အားလုံးကို အခွင့်အလမ်း တန်းတူပေးသွားမှာပါ " ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဇွန်လ(၁၂)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်(UMFCCI) တွင်ကျင်းပသည့် အစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်၊ အစည်းအဝေးအား မြန်မာ့ကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး သုံးနာရီနီးပါး ပြုလုပ်ခဲ့သည်။



"စီးပွားရေးလုပ်ငန်းတွေအားလုံး အမြင့်ဆုံးစွမ်းဆောင်ရည်တွေ ရရှိနိုင်ဖို့ ကျွန်တော်တို့ တတ်နိုင်သမျှ ထောက်ပံ့ ကူညီပေးသွားပါ့မယ်၊ ကျွန်တော့်အနေနဲ့ အကာအကွယ်ပေးတာထက်၊ အထောက်အပံ့ပေးတာမျိုးကို ပိုပြီးအားသန်ပါတယ်။ အဲဒီ့တော့ ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေကို ထောက်ပံ့ကူညီပါရစေလို့ ပြောချင်ပါတယ်"ဟု ဝန်ကြီးကဆိုသည်။

ယခုလက်ရှိတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ဥက္ကဋ္ဌတာဝန်ကို ယူထားသူဖြစ်ပြီး ယင်းအနေနှင့် မြန်မာနိုင်ငံဆင်းရဲမှု သက်ဆိုးရှည်နေရခြင်းအတွက် ယခင်အစိုးရလက်ထက်များတွင် တစ်ဦးတည်းလုပ်ပိုင်ခွင့်ပေးထားခြင်းသည် အဓိကအချက်ဖြစ်သည်ဟု ပြောဆိုထားပြီး ယခု NLDအစိုးရ လက်ထက်မှာ နိုင်ငံသားတိုင်း စီးပွားရေး

လုပ်ကိုင်ခွင့်ပေးဖို့ အစီအမံများပြုလုပ်ထားပြီး မကြာမီထုတ်ပြန်သွားဖို့ရှိသည်ဟု ယင်းကတွေ့ဆုံပွဲအပြီး မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

"လောလောဆယ်တော့ အတည်ပြုချက်မရသေးတော့ ကျွန်တော်တို့ပြောလို့မရသေးပါဘူး၊ အနီးစပ်ဆုံး ဒီလထဲအတွင်း ထွက်လာနိုင်ပါလိမ့်မယ်၊ အတိုချုပ်ပြောရရင်တော့ နိုင်ငံသားအားလုံး စီးပွားရေးလုပ်ခွင့်ရမယ့် မူဝါဒဖြစ်လိမ့်မယ်" ဟု ဝန်ကြီးက မီဒီယာများ၏မေးမြန်းမှုကို ဖြေကြားခဲ့သည်။

**Link:** http://mizzima.com/business-domestic/support-better-protection-government%E2%80%99s-new-economic-policy

## မြန်မာနိုင်ငံတွင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဆွီဒင်က ဒေါ်လာသန်း(၃၀)ကျော် ထောက်ပံ့

Mizzima , 18 June 2016

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး အပါအဝင် ဖွံ့ဖြိုးမှုနယ်ပယ်များအတွက် UNDP ဆောင်ရွက်နေသောလုပ်ငန်းများကို ပံ့ပိုးပေးရန် ဆွီဒင်အစိုးရမှ မြန်မာနိုင်ငံတွင်း လုပ်ဆောင်သည့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း UNDP လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ(၃၆၀,၀၅၅၂)နှင့် ညီမျှသော ဆွီဒင်ကရိုနာသန်း ၃၀ ကိုထောက်ပံ့ကြောင်း ဇွန်လ(၁၇)ရက်နေ့ အစိုးရသတင်းစာတွင်ဖော်ပြထားသည်။



လူထုခေါင်းဆောင်များနှင့် ဥပဒေပညာရှင်များအတွင်း လူ့အခွင့်အရေးနှင့် တရားစီရင်ရေးများ၌ အသိပညာများတိုးလာစေရန် တရားရေးရာများကို လူထုမှပိုမိုနားလည် သဘောပေါက်လာစေရန်အတွက် နိုင်ငံအနှံ့ တရားဥပဒေစိုးမိုးရေး စင်တာများကို တည်ထောင်ရာ၌ ဆွီဒင်၏ ပံ့ပိုးကူညီပေးမှုသည် အရေးပါသည်။

ယခုနှစ်အစောပိုင်းတွင် နိုင်ငံတကာဆွီဒင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(Sida)မှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Ms Charlotte Petri Gornitzka သည် မြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်စဉ်အတွင်း ဒေသတွင်းအဆင့် အမျိုးသမီးကျေးလက်အုပ်ချုပ်ရေးမှူးများနှင့် မယ်တို့ကမ္ဘာမြန်မာ့ကျေးလက်အမျိုးသမီးကွန်ရက် စသည်တို့နှင့် တွေ့ဆုံခဲ့သည်။ အမျိုးသမီးခေါင်းဆောင်မှုပိုင်းစွမ်းရည် တိုးမြှင့်ပေးခြင်းနှင့် အခွင့်အရေးများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းသည် UNDP အစီအစဉ်တွင်အဓိကကျသည့်ကဏ္ဍဖြစ်သည်။

**Link:** http://mizzima.com/development-news/sweden-provides-financial-support-undp%E2%80%99s-work-myanmar

## နိုင်ငံတော်အသုံးစရိတ်အသစ်တွင် ဖွံ့ဖြိုးရေးများအတွက် တိုးမြှင့်လုပ်ဆောင်သွားမည်

Mizzima, 16 June 2016

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးကျင်းပရာ၌ နိုင်ငံတော်သမ္မတဦးထင်ကျော်မှ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသစ်အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေ့ရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှု ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး မူဝါဒများနှင့်အညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေသည့် ဘဏ္ဍာငွေအသုံးများကို ဘဏ္ဍာနှစ်အလိုက် အကောင်အ



ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော် သမ္မတဦးထင်ကျော်က ပြောကြားခဲ့သည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှု ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍများတွင် တိုးမြှင့်သုံးစွဲသွားမည်ဖြစ်သည့်အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး စသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒလမ်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုအစည်းအဝေးတွင် ပြီးခဲ့သည့်အစိုးရလက်ထက်က အတည်ပြုခဲ့သည့် ၂၀၁၆- ၂၀၁၇ခုနှစ် ပြည်ထောင်စု၏ အရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ပြီး ပြည်ထောင်စု လွှတ်တော်သို့ တင်ပြအတည်ပြုရန်အတွက် အဓိကဆွေးနွေးခဲ့သည်။

**Link:** http://mizzima.com/development-news/development-forefront-new-budget

## UNICEF ပံ့ပိုးပေးမှုဖြင့် ရေးဆွဲထားသည့် မွန်ဘာသာကျောင်းသုံးစာအုပ်များအား ပြည်နယ်အစိုးရထံ လွှဲပြောင်းပေးအပ်

Mon News Agency, 23 June 2016

UNICEF မှ မွန်ဘာသာကျောင်းသုံးဖတ်စာအုပ်(၇၃,၀၀၀)အုပ်၊ လေ့ကျင့်ခန်းစာအုပ်(၈၀၀၀၀)အုပ်နှင့် ဆရာလက်စွဲစာအုပ်၊ အခြေခံသဒ္ဒါမွန် နှင့် ကျောင်းသုံးကလေးပုံပြင်စာအုပ်( ၅၀၀၀)အုပ် စသည်တို့ကို မွန်ပြည်နယ်အစိုးရထံ အပ်နှံခဲ့သည်။




မွန်ပြည်နယ် ဝန်ကြီးချုပ်ဦးမင်းမင်းဦးက "ယခု ယူနီဆက်မှ လွှဲပြောင်းပေးတဲ့ မွန်ဘာသာ ဖတ်စာအုပ်များကို ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်မှာဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းများမှ စာအုပ်များ လက်ခံရရှိဖို့အတွက် ဆက်လက် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဆရာများက အမှန်တကယ်ထိရောက်စွာ အသုံးပြုနိုင်ဖို့ကျွန်တော်တို့ ရှေ့ဆက်လုပ်ဆောင်သွားမှာပါ " ဟုပြောကြားခဲ့သည်။

မွန်ဘာသာ သင်ရိုးညွှန်းတန်း ရေးဆွဲရေးကော်မတီဥက္ကဌ ဒေါက်တာမင်းနွယ်စိုးက သင်ရိုးညွှန်းတန်း ရေးဆွဲရာတွင် အခက်အခဲများစွာ တွေ့ကြုံခဲ့ရကြောင်း၊ မွန်ပြည်နယ်-ကရင်ပြည်နယ်-တနင်္သာရီတိုင်းရှိ မွန်တိုင်းရင်းသား အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ၊ ၎င်းထက်ပိုမိုကောင်းမွန်အောင် နောက်လူများ ဆက်လုပ်ရာတွင် အကူအညီလိုပါက ကျွန်တော်တို့က ဆက်လက်ကူညီရန် အဆင်သင့်ရှိပါကြောင်း ဒေါက်တာမင်းနွယ်စိုးက ပြောခဲ့သည်။

၂၀၁၄- ၂၀၁၅ ပညာသင်နှစ်မှစတင်၍ ကျောင်းခေါ်ချိန်အတွင်း ဖွံ့ဖြိုးရေးအချိန်များ၌ မွန်စာသင်ကြားချိန်အဖြစ်

မွန်ပြည်နယ်လွှတ်တော်မှ ၂၀၁၄ခုနှစ် ဧပြီလတွင် ပြဌာန်းခဲ့သော်လည်း ယခုအခါ အစိုးရစာသင်ကျောင်းများတွင် ပြင်ပအချိန်၌သာ သင်ကြားခွင့်ရှိသည်။

**Link** http://monnews.org/2016/06/23/unicef-funded-mon-textbooks-provided-state-govt/

### လှိုင်းဘွဲ့တွင် ခြေတုအလုပ်ရုံစင်တာတစ်ခု ဖွင့်လှစ်

Karen News, 27 June 2016

တောင်ကိုရီးယားနိုင်ငံမှ အလှူရှင်များ အကူအညီဖြင့် ကော်သူးလေကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန နှင့်မယ်တော်ဆေးခန်းတို့ ကမကထပြုပြီး ခြေတုအလုပ်ရုံ စင်တာတစ်ခုကို လှိုင်းဘွဲ့မြို့နယ်ရှိ ကလို့ယောလေးကျေးရွာ၌ ဇွန်လ ( ၂၀) ရက်နေ့က ဖွင့်လှစ်ခဲ့သည်။




အဆိုပါခြေတုအလုပ်ရုံစင်တာကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။

ဘားအံခရိုင်အတွင်းရှိ ခြေထောက်ပြတ်သွားသည့် လူနာများအတွက် အားလုံးပြန်တပ်ဆင်ပေးနိုင်ရန် ခြေတုများ ရရှိသွားအောင် လုပ်ဆောင်သွားမည်ဖြစ်သလို KNU ထိန်းချုပ်နယ်မြေဖြစ်သည့် ဒူးပလာယာနှင့် ဖာပွန်(မုထရော)တို့တွင်လည်း အလုပ်ရုံ တိုးချဲ့လုပ်ဆောင်သွားရန် ရည်ရွယ်ထားသည်ဟု ပဒိုအဲ့ကလူရွှေဦးကပြောသည်။

ခြေတုအလုပ်ရုံစင်တာအတွက် လိုအပ်သော အထောက်အပံ့ ပစ္စည်းများကို ကိုရီးယားနိုင်ငံအလှူရှင်အဖွဲ့၏ ထောက်ပံ့မှုဖြင့် KDHW မှ ဦးဆောင်ကြီးကြပ်ကာ ခြေထောက်ပြတ်သွားသော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ရဲဘော်များနှင့် ဒေသခံပြည်သူလူထုအား ခြေတုများပြုလုပ်ခြင်း သင်တန်းများကို သင်ကြားပို့ချ ပေးသွားမည်ဖြစ်သည်။

၎င်းခြေတုအလုပ်ရုံစင်တာ ဖွင့်လှစ်ပွဲသို့ မယ်တော်ဆေးခန်း ဒါရိုက်တာဖြစ်သူ ဒေါက်တာစင်သီယာမောင်၊ KDHW မှ ဌာနမှူး ပဒိုစောအဲ့ကလူရွှေဦး၊ တောင်ကိုရီးယားအလှူရှင်အဖွဲ့( Korea – Mae Sot Cooperation Center)မှ ကိုယ်စားလှယ်များ၊ KNU ဘားအံခရိုင်တာဝန်ရှိသူများ၊ ကျန်းမာရေးလုပ်သားများ၊ KNLA အရာရှိများနှင့် ဒေသခံလူထုများအပါအဝင် လူဦးရေ (၁၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

**Link:** http://karennews.org/2016/06/prosthetic-workshop-center-opens-in-hlaingbwe-township.html/

## မြေနှင့်ပစ္စည်းဥစ္စာ

### စစ်တပ်နှင့် ဝန်ကြီးဌာနများမှ သိမ်းယူထားသည့်မြေ (၂၃၂) ဧကကျော်အား ယာယီလုပ်ပိုင်ခွင့်ဖြင့် ပြန်ပေးအပ်

KIC News – 20 June 2016

ကရင်ပြည်နယ်အတွင်း အမှတ်( ၃၃၈) နှင့် ( ၃၃၉) ခြေမြန်တပ်ရင်း၊ ပြည်နယ်အကျဉ်းဦးစီးဌာနနှင့် ယခင်အမှတ်( ၂) စက်မှုဝန်ကြီးဌာနတို့ သိမ်းယူထားသည့် မြေ ၂၃၂. ၄ ဧကကို ပြည်နယ်အစိုးရ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလပိုင်ရှင်လယ်သမားများထံ ဇွန်လ ၁၇ ရက်နေ့တွင် ပြန်လည်ပေးအပ်လိုက်သည်။




ပြန်လည်ပေးအပ်သည့် မြေများမှာ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံမိုးတောင်ကျေးရွာ၊ ဘားအံမြို့နယ် လက္ခဏာကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ် ကော့လှိုင်းကျေးရွာ စသည်တို့မှ မြေယာများဖြစ်ပြီး သိမ်းဆည်းခံမြေများပြန်လည် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ထိုနေ့မွန်းလွဲပိုင်း ၁ နာရီမှ ၁ နာရီခွဲထိ ကရင်ပြည်နယ်၊ဘားအံမြို့ ၊ ကန်သာယာခန်းမ၌ ပြုလုပ်ခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်က " အခုပြန်ပေးတဲ့မြေတွေက အမှန်စိစစ်ပြီး အသုံးမလိုတဲ့မြေတွေကို ပြန်လည်စွန့်လွှတ်တာဖြစ်တယ်။ လက်ရှိတောင်သူတွေ ဝင်လုပ်တဲ့အပေါ်မှာ သူတို့လုပ်ကိုင်မှုကိုကြည့်ပြီးတော့မှ ပြန့်စွန့်တာ၊ တရားဝင်အမည်ပေါက်လုပ်မယ်ဆိုရင် ဥပဒေအရ အနည်းဆုံး တစ်လကြာကန့်ကွက်စာခေါ်တယ်။ အဆင့်ဆင့်သွားမယ်ဆိုရင် ၈၉ ရက်လောက်ကြာမယ်။ ဒီတော့သူတို့အတွက် စိုက်ပျိုးချိန်မှီအောင် အခုယာယီလုပ်ပိုင်ခွင့်လက်မှတ်ပေးတယ်။ ပြီးရင် တရားဝင်အမည်ပေါက်ကို တရားဥပဒေနဲ့အညီ အမြန်ဆုံးဆောင်ရွက်ပေးမယ် " ဟုကေအိုင်စီသို့ပြောသည်။

လက်ရှိမူလပိုင်ရှင်များထံ ပြန်ပေးအပ်သည့် မြေ ၂၃၂. ၄ဧကမှာ သိမ်းယူခံရသည့် လယ်မြေအနည်းငယ်သာဖြစ်သလို မူလပိုင်ရှင်များထံ ပြန်ပေးအပ်ရန် လယ်၊ယာ၊မြေ များစွာကျန်သေးသည်ဟု လယ်၊ယာ၊မြေ သိမ်းဆည်းခံရသည့် ဒေသခံများက ယခုလိုပြောသည်။

"အခုပြန်ပေးတဲ့မြေတွေက နည်းနည်းပဲ။ ကျွန်တော်တို့ရွာမှာ စစ်တပ်သိမ်းယူပြီး ဘာမှမလုပ်ဘဲထားတဲ့လယ်တွေ အများကြီးရှိတယ်။ အခုပြန်ပေးတဲ့လယ်တွေက ရွာနဲ့အဝေးကြီး။ ဘာမှစိုက်လို့မကောင်းတဲ့ လယ်တွေပြန်ရတော့ ဘာလုပ်ရမလဲ။ ပေးရင်လည်း အတူတူပေး၊ မျက်နှာလိုက်ပြီးမပေးပါနဲ့။ တကယ်သွားစစ်ဆေးပြီးမှ ပြန်ပေးပါလို့ ပြောချင်ပါတယ်။ ကျွန်တော်ဆို လယ်အသိမ်းခံရတာ အများကြီး။ စွန့်လွှတ်တဲ့အထဲမှာ တစ်ကွက်မှ ပြန်မရဘူး" ဟု လှိုင်းဘွဲ့မြို့နယ်၊ ကော့လှိုင်းကျေးရွာသား စောပေါက်ပြားက ကေအိုင်စီသို့ ပြောသည်။

ကရင်ပြည်နယ်အတွင်း ၁၉၉၁ခုနှစ်ကတည်းက အစိုးရမှ သိမ်းယူထားသည့် မြေများစွာရှိသလို ယင်းမြေများကို မူလပိုင်ရှင်များထံ အမြန်ဆုံးပေးအပ်ရန် ဒေသခံများက လိုလားနေသည်ဟု လယ်၊ ယာ၊ မြေ ပြန်မရသေးသည့် ဒေသခံများက ပြောဆိုလိုက်သည်။
(Translated by IMU Maesot)

**Link:**
http://kicnews.org/2016/06/%E1%80%85%E1%80%85%E1%80%B9%E1%80%90%E1%80%95%E1%80%B9%E1%82%8F%E1%80%BD%E1%80%84%E1%80%B9%E1%80%B7-%E1%80%9D%E1%80%94%E1%80%B9%E1%82%80%E1%80%80%E1%80%AE%E1%80%B8%E1%80%8C%E1%80%AC%E1%80%94%E1%80%99/

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren